# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ အစည်းအဝေး အကျဉ်းချုပ်

# ၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

# (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

# [ ဗုဒ္ဓဟူးနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၉ ခုနှစ်၊ **နိုဝင်ဘာလ ၂၇** ရက်နေ့ နံနက် ၁၀း၀၀ နာရီ အချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ရန်ကုန်-ပုသိမ် ကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား မည်ကဲ့သို့ စီမံဆောင်ရွက်ပြီး မည်သည့်အချိန်တွင် ပြီးစီးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က လာမည့်ဇွန်လတွင် အပြီးဆောင်ရွက်နိုင်ရေး ယခုအချိန်တွင် နေ့ရောညပါ အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆောင်ရွက်နေစဉ်ကာလအတွင်း ခရီးသည်များအနေဖြင့် ခေတ္တသည်းခံခွင့်လွှတ်ပေးကြစေလိုကြောင်း ရှင်းလင်းဖြေကြားသည်။

(ခ) ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်ကိုင်းမြို့နယ်အတွင်းရှိ စစ်ကိုင်း - ဝက်လက်- ရွှေဘို ခရိုင်ချင်းဆက်လမ်းအား တိုးချဲ့၍ အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က လောလောဆယ်တွင် ခရိုင်ချင်းဆက်လမ်းအား တိုးချဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ ပျက်စီးမှုများအား ပြင်ဆင်ထိန်းသိမ်းခြင်းကိုသာ ဆောင်ရွက်နိုင်ကြောင်းနှင့် ရွှေလီ-မူဆယ်-ထီးချိုင့်-စစ်ကိုင်း-မန္တလေး-နေပြည်တော်-ကျောက်ဖြူ လမ်းမကြီးတည်ဆောက်သည့်အခါတွင် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးပို့သောအချက်အလက်များနှင့် ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်နှင့် တန့်ဆည်မြို့နယ်အတွင်း ဖြတ်သန်းသွားသော မုံရွာ – ရေဦး – ကလေးဝ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပျက်စီးနေသောလမ်းပိုင်းများအား (၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် ကတ္တရာလမ်း တာချဲ့ခြင်း ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ရေဦးမြို့နယ်နှင့်တန့်ဆည်မြို့နယ်အကြား၊ တန့်ဆည်မြို့နှင့် ကံထူးမရွာအကြား ပျက်စီးနေသောအပိုင်းများနှင့် ကျန်အပိုင်းများအား (၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းများအဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေဆက်လက်လျာထားတင်ပြပြီး ခွင့်ပြုရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှပေးပို့သောအချက်အလက်များနှင့် ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးထိန်ဝင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ရောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ပြင်ရွာကျေးရွာနှင့် ဓနုဖြူမြို့နယ်၊ နဲ့ကြိုးကျေးရွာတို့ကို ဆက်သွယ်ထားသည့် ပေ(၄၃၀)အရှည် ကျေးရွာချင်းဆက် ချောင်းကူးဝါးတံတားအား ခိုင်မာသည့် တံတားတစ်စင်းအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့်(၁)၌ ပါဝင်သဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ခွဲဝေရရှိမှုအပေါ်မူတည်၍ ကွန်ကရစ်တံတားအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း** ရှင်းလင်းဖြေကြားသည်။

(င) ဦးစခင်ဇော်လင်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်သို့ ဆက်သွယ်ပေးမည့် မြစ်ကူးကြိုးတံတား တစ်စင်းအား ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များပါဝင်သော မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ဆောင်ရေးကော်မတီမှ အဆင့်ဆင့်တင်ပြလာပါက ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင်

ထည့်သွင်းလျာထားပေးသွားနိုင်မည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့မှပေးပို့သောအချက်အလက်များနှင့် ပေါင်းစပ် ရှင်းလင်းဖြေကြားသည်။

**အဆုံးအဖြတ် ရယူခြင်း**

၃။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က အတည်ပြုသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၄။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင် (ဥပဒေကြမ်းကော်မတီဝင်) က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည် ။

၅။ အစည်းအဝေးကို ၁၀:၅၁ နာရီ အချိန်တွင် ရပ်နားပြီး နဝမနေ့ အစည်းအဝေးကို ၂၉-၁၁-၂၀၁၉ ရက်နေ့ (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**